အကြို-မူလတန်း

Public education
**Discover a world of opportunities**

# စာရေးခြင်းနှင့် စာလုံးပေါင်းခြင်း - အိမ်တွင်လေ့လာသင်ယူခြင်း

## စာရေးခြင်းနှင့် စာလုံးပေါင်းခြင်းတို့သည် အရေးကြီးပါသည်။

စကားပြောခြင်းနှင့် နားထောင်ခြင်းတို့သည် စာရေးခြင်း၊ စာလုံးပေါင်းခြင်းနှင့် စာဖတ်ခြင်းတို့ကို တည်ဆောက်ရန် အခြေခံအုတ်မြစ်များဖြစ်ကြသည်။ မူလတန်းကြိုကျောင်းတွင် သင့်ကလေးသည် သူတို့၏ သင်ယူလေ့လာရေး ခရီးလမ်းကို ဆက်လက်လုပ်သွားမည် ဖြစ်ပြီး သူတို့သည် သူတို့၏ ပင်ကိုယ်စိတ်ချမှုကို တည်ဆောက် လာသည့်အလျောက် သူတို့သည် စကားလုံးများနှင့် စာရေးသားခြင်းကို ပိုမို၍ ယဉ်ပါးလာစပြုလာမည်။

### ကျွန်ုပ် ဘာလုပ်နိုင်သနည်း။

- သင့်ကလေးနှင့်အတူ ပုံမှန် စာဖတ်ပါ။  စကားလုံးများနှင့် စာအုပ်များကို အတူစူးစမ်းပြီး သင် စာရေးသည့်အခါ သူတို့ကို ပါဝင်လုပ်စေပါ။
- သင်နှင့်အတူ ဖတ်ရှုသည့်အခါ သင် ဖတ်လိုက်သည့် စကားလုံးများအကြောင်းကို ပြောပြပါ။ ဥပမာ ကာရံတူသံစုံစကားလုံးများ ဖြစ်သည့်- *bat* နှင့် *cat* ကဲ့သို့နှင့် စကားလုံးများ၏ အစပိုင်း အသံထွက်ပုံ အကြောင်းကို ပြောပြပါ။ သင့်ကလေး နေသားကျ လာသည့်အခါ စကားလုံးများ ၏နောက်ပိုင်းရှိ အသံထွက်ပုံအကြောင်းကို ပြောပြပါ။
- သင့်ကလေးအား မှတ်စုတိုများ၊ အီးမေးလ်များနှင့် ဈေးဝယ်စာရင်းများကို သင့်အားကူညီရေးပေးရန် တိုက်တွန်းပါ။ စာရေးစက္ကူနှင့်ခဲ့တံများကို ချထားပေးပါ၊ ထိုအခါ သူတို့သည် သင်နှင့်အတူ ရေးရန်ကြိုးစားနိုင်သည်။
- စကားလုံး ကစားပွဲများကို အတူတကွ ကစားပါ၊ ရိုးရိုး စကားလုံး ရှာခြင်းများ ကဲ့သို့ဖြစ်သည်။

**မသန်စွမ်းမှု ရှိသည့်ကလေးတစ်ဦးသည် သမားရိုးကျအားဖြင့် နီးနီးကပ်ကပ်လုပ်ပေးသည့် အပြန်အလှန်ဆက်ဆံမှုနှင့် နှိုးဆွပေးမှုတို့မှ အကျိုးကျေးဇူးများကို ရရှိပြီး နှစ်သက်စွာခံယူကြပါသည်၊ သူတို့အား သူတို့ကြိုက်နှစ်သက်သည့် ပုံဇာတ်လမ်းများကို ဖတ်ပြသည့်အခါ သို့မဟုတ် သံစုံတေးများကို သီဆိုပြသည့်အခါ ဖြစ်သည်။ အကယ်၍ သင့်ကလေးတွင် မသန်စွမ်းမှုတစ်ခု ရှိသည့်အခါ သူတို့၏ကျောင်းသည် သူတို့အား သူတို့၏အရည်အချင်းနှင့် လျှိုက်ဖက်သည့် လုပ်စရာများကို သူတို့လုပ်နေချိန်၌ အထောက်အကူပေးကြပါသည်။ သင်နှင့်သင့်ကလေးအား ထောက်ကူပေးမည့် သင့်တော်သော ထောက်ကူပစ္စည်း၊ ကိရိယာနှင့် အကြံဉာဏ်များ အကြောင်းကို သင့်ကလေး၏ ဆရာဆရာမနှင့်ပြောဆိုပါ။**

**အကယ်၍ သင့်ကလေးသည် အခြားဘာသာစကား သို့မဟုတ် အရပ်ပြောစကားတစ်ခုကို ပြောလျှင် သူတို့သည် အင်္ဂလိပ်ဘာသာစကား၏ အသံများကို ကြားရန်လိုသည်။ ဤအသံအားလုံးကို ကြားရန် ပြောရန် သူတို့အတွက် နှစ်နှစ်အထိ သို့မဟုတ် ပိုမို၍ ကြာကောင်းကြာနိုင်ပါသည်။**

- သင့်ကလေး ဖန်တီးထားသည့် အက္ခရာစာလုံးများနှင့် ပုံဆွဲရုပ်ပုံများကို ချိတ်ဆွဲပြသထားပါ။ မှတ်စုများကို သူတို့အတွက် ရေးသားထားပါ- ကျွန်ုပ် သင့်ကို အလွန်ဂုဏ်ယူပါသည် ကဲ့သို့ဖြစ်သည်။
- သံလိုက်ပါသည့် အက္ခရာစာလုံးများကို ရေခဲသေတ္တာတွင် သို့မဟုတ် သံလိုက်ကျောက် သင်ပုန်းတွင် ကပ်ထားပေးပါ။ သင့်ကလေး စကားလုံးများကို လုပ်ရာတွင် ကူညီပေးပါ။
- အိမ်၌ရှိစဉ်၊ သင် အပြင်သို့သွားရောက်စဉ်၊ သင် လမ်းလျှောက်ထွက်စဉ်နှင့် သင် ခရီးသွားနေစဉ် စကားလုံးများကို ရှာဖွေပါ၊ ဆိုင်းဘုတ်များနှင့် ဆိုင်အတွင်းတို့၌ ရှာဖွေပါ။
- အိမ်၌ အမှာသတင်းရေးမည့် သင်ပုန်းတစ်ခုကို လုပ်ထားပါ၊ သင့်ကလေးထံသို့ အမှာသတင်းများ ရေးပါ။သူတို့အား သင့်အတွက်နှင့် အခြား မိသားစုဝင်များ အတွက် အမှာသတင်းများ ရေးထားရန် တိုက်တွန်းပါ။
- သင့်ကလေးကို အောက်ပါတို့လုပ်ခိုင်းပါ -
  - အချို့အက္ခရာစာလုံးများ m ကဲ့သို့ပါသည့် စကားလုံးများနှင့် အချို့အသံ sh ကဲ့သို့တို့ကို စက်ဝိုင်းကွင်းပါ
  - အက္ခရာစာလုံး နှစ်လုံးပါသော စကားလုံး အားလုံး၊ သုံးလုံးပါသော စကားလုံး အားလုံးနှင့် အလားတူ ဆက်တိုး၍ စကားလုံးများ အားလုံးကို မျဉ်းတားပေးပါ
  - အချို့စကားလုံးများ ___ ကဲ့သို့ကို သူတို့မည်မျှ အကြိမ်ရှာနိုင် ကြောင်း ရေတွက်ပါ၊ ၄င်းသည် အသုံးများသည့် စကားလုံးများကို မှတ်မိရန် အထောက်အကူပြုသည်။

**ရုပ်မြင်သံကြားကို ပိတ်လိုက်ပါ။ စိတ်အာရုံပြောင်းမည့်အရာများ မရှိပါက စိတ်အာရုံစိုက်ရန် သင့်ကလေး အတွက် ပိုမိုလွယ်ကူ သည်။**



**သင် ပိုမို၍ တွေ့လိမ့်မည် အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ education.wa.edu.au.**

© Department of Education, Western Australia, 2015
CC BY